
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
သိုက်ဖြတ်ကြိုး

အောင်မြတ်သာနှင့် သိုက်ဖြတ်ကြိုး

"ဟဲ့ကောင်တွေ ငါ့ကိုလွှတ်စမ်း ငါ့အသားကိုထိရအောင် နင်တို့ကဘာတွေလဲ"

"ထိန်းပါဦးဟ ဒီကောင်ရှန်းချက်က ငါ့အိမ်က နွားထီးငွေးသင်းတုန်းကလောက်ရှိတယ်"

အပေါ်ပိုင်းအင်္ကျီချွတ်ထားပြီး ပုဆိုးခါးတောင်းကျိုက်ထားတဲ့ လူသုံးယောက်က ဆယ်ကျော်သက်အရွယ် လူငယ်တစ်ယောက်ကိုချုပ်ထိန်းရင်း စိတ်ညစ်စွာ ညည်းညူလိုက်တယ်။ အားကောင်းမောင်းသန် လူသုံးယောက်ချုပ်ထားတဲ့ကြားထဲမှာ ရှိနေတဲ့လူငယ်က တစ်ချက်တစ်ချက်မျက်စောင်းထိုးလိုက် တောက်ခတ်လိုက်နဲ့ရှန်းကန်နေရင်းကနေ မောသွားဟန်နဲ့ တစ်ချက်ငြိမ်သွားတဲ့အချိန် ခြံဝင်းထဲကို မိခင်ဖြစ်သူနဲ့အောင်မြတ်သာတို့ ဝင်လာခဲ့တယ်။

"မခင်နုရေ နင့်သားကို နင်လာထိန်းပါဦးဟ ငါတို့သုံးယောက် ချုပ်ထားတာတောင် မနိုင်ဘူး"

အိမ်ပေါ်မှာရှိနေတဲ့လူတွေရဲ့စကားကြောင့် မခင်နုက စိုးရိမ်ပူပန်စွာနဲ့ အိမ်ပေါ်တက်လာပြီး

"သားရယ် အဲလိုမကြံကောင်းမစည်ရာတွေမလုပ်ရဘူးလေ အမေ့မှာ ဒီသားတစ်ယောက်တည်း ရှိတာ လိမ္မာတယ်နော်"လို့ပြောတော့ ဆယ်ကျော်သက်လူငယ်လေးက မျက်ဖြူလန်နေရာကနေ ရုတ်တရုတ်ဆို

သလို မျက်လုံးပြူးလာပြီး

"နင်ဘယ်သူတွေကိုခေါ်လာတာလဲ သူတို့ကို ချက်ချင်းပြန်မောင်းထုတ်လိုက် သွား ငါ့အိမ် ကနေပြန်သွားကြ"လို့ပြောကာ ရန်းကန်ပါလေရော။

မခင်နုကတော့ မျက်စိပျက်မျက်နှာပျက်နဲ့ အိမ်ပေါ်ကို တက်ဖို့ပြင်နေတဲ့လူ သုံးယောက်ကို ကြည့်ပြီး

"ဆရာလေးတို့ စိတ်မရှိပါနဲ့နော် သားလေးက ပုံမှန်စိတ်မဟုတ်လို့ ခုလို ပြောမိတာပါ"

"ရပါတယ် အရီး ကျွန်တော်တို့ လူမမာကို တစ်ချက်ကြည့်ပါရစေ"

"ကြည့်ပါ ကြည့်ပါ မြင့်ဦးရေ ဒီကဆရာလေးတို့ကို နေရာလုပ်ပေးပါဦး"

မခင်နုစကားကြောင့် ပုဆိုးခါးတောင်းကျိုက်ထားတဲ့လူက ဘုရားကျောင်းဆောင်အရှေ့မှာ ထိုင်ဖို့ နေရာလုပ်ပေးနေတဲ့အချိန် လူငယ်က မိခင်လက်ထဲကနေ ရုန်းပြီးထပြေးဖို့အလုပ် အောင်မြတ်သာက စူးစိုက်ကြည့်လိုက်ရာ ရုန်းကန်နေတဲ့လူငယ်က ချက်ချင်းဆိုသလို မျက်နှာ လွှဲပြီး ငြိမ်သွားခဲ့တယ်။

အောင်မြတ်သာတို့လည်း ဘုရားကျောင်းဆောင်အရှေ့မှာနေရာယူပြီး လူငယ်ကိုကြည့်လိုက်ရာ အတိတ်ဘဝကပါလာတဲ့ အစွဲတစ်ခုကိုမြင်မိတဲ့အတွက် သန့်ရှင်းတဲ့သောက်ရေတစ်ခွက်ကို တောင်းကာ မန်းမှုတ်ပြီး တိုက်ခိုင်းခဲ့တယ်။

လူငယ်ပါးစပ်ထဲ ရေမန်းအနည်းငယ်ဝင်တော့ မူလ အသိစိတ်အနည်းငယ်ပြန်ရလာပြီး ရင်ဘတ်အစုံက ဖားဖိုဆွဲသလိုဖြစ်ကာ မောပန်းနေခဲ့တယ်။ ခဏနေတော့ လူကောင်းပကတိအသွင် ပြန်ဖြစ်သွားပြီး အောင်မြတ်သာနဲ့ မိခင်ဖြစ်သူကို အံ့ဩတဲ့ဟန်နဲ့ ကြည့်နေခဲ့တယ်။

"သားလေး သတိရလာပြီလား အမေ့ခများစိတ်ပူလိုက်ရတာကွယ်"

"ကျွန်တော် ကျွန်တော် ဘာဖြစ်သွားတာလဲအမေ ဒီကဧည့်သည်တွေက ရော ဘယ်သူတွေလဲ"

တစ်ခါမှမမြင်ဖူးတဲ့ မျက်နှာစိမ်းတွေကိုကြည့်ပြီးမေးလိုက်တဲ့ လူငယ်ရဲ့ စကားကြောင့် အောင်မြတ်သာက နှစ်လိုဖွယ်ပြုံးကာ

"အစ်ကိုတို့က ငါ့ညီကျန်းမာအောင် ကုသပေးမယ့်လူတွေပါ အခု လောလောဆယ် ငါ့ညီ ပင်ပန်းနေတဲ့အတွက် ခေတ္တနားလိုက်ပါဦး"လို့ပြော လိုက်တော့ မခင်နုက လူငယ်ကိုအိပ်ခန်းထဲ ခေါ်သွားပြီး အနားယူစေခဲ့ တယ်။

ခဏကြာတော့ မခင်နု ပြန်ထွက်လာပြီး

"သားလေးကတော့ မောပြီး အိပ်ပျော်သွားတယ်ဆရာ ကျွန်မလည်း ဒီ သားတစ်ယောက်တည်း ရှိတာဆိုတော့ စိတ်ပူရလွန်းလို့သေတော့မယ်"

"ကောင်လေးက အခုလို မကြာမကြာဖြစ်တတ်လား"

"ဒီလိုဖြစ်တာ သိပ်မကြာသေးဘူး သားလေးက အရမ်းကိုအေးတာ နောက်ပြီး ဘာသာရေး ကိုလည်းအရမ်းလုပ်တယ် လွန်ခဲ့တဲ့လက သူကိုရင် ရာသက်ပန်ဝတ်ချင်တယ်ဆိုပြီး ပြောသေးတယ် ကျွန်မကလည်း တစ်ဦး တည်းသောသားဖြစ်တဲ့အတွက် သာသနာ့ဘောင်ထည့်ဖို့ ချီတုံချတုံဖြစ်နေခဲ့ တယ် နောက်မှတွေးမိတာက သူစိတ်အရမ်းပါနေတာကို ပေးလုပ်လိုက်မယ် ပေါ့ ဒါမှလည်း ရဟန်းမယ်တော် အဖြစ်ကိုရမှာမဟုတ်လား အဲလိုတွေးပြီး တစ်ပတ်လောက်ကြာတော့ သားလေးက အိပ်နေရင်း တစ်ယောက်တည်း စကားတွေပြောလာခဲ့တယ် တစ်ခါတစ်ခါ အရမ်းကြောက်လန့်နေတဲ့ဟန်နဲ့ ငိုနေတာ တွေကိုတွေ့ခဲ့ရတယ် ကျွန်မက ဘာဖြစ်တာလဲလို့မေးရင် ဘာမှမ

ပြောပဲ ခေါင်းပဲခါနေတတ်တာ"

မခင်နုစကားကြောင့် အောင်မြတ်သာက ဖြစ်ကြောင်းကုန်စင်ကို သဘောပေါက်ဟန်နဲ့

"သူ့ရဲ့အတိတ်ဘဝက တော်စပ်ခဲ့ဖူးတဲ့သူတစ်ဦးဦးက သာသနာ့ဘောင်မဝင်နိုင်အောင် နှောင့်ယှက်နေတာ ဖြစ်ပါလိမ့်မယ် ဒီတစ်ညတော့ သူ့ကို စောင့်ကြည့်လိုက်ပါဦး ညဘက်ရောက်လို့ သူတစ်ယောက်တည်း စကားတွေပြောနေခဲ့ရင် မသိချင်ယောင်ဆောင်ပြီးနေပေးပါ" လို့ပြောတော့ မခင်နုက သဘောပေါက်ဟန်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။

အောင်မြတ်သာတို့လည်း မခင်နုအိမ်မှာ အခြေပြုရင်း နေ့ခင်းဘက် တရားထိုင်နေချိန် အိမ်နောက်ဘက်ကနေ လှမ်းခေါ်နေတဲ့ မိန်းမတစ်ယောက်ရဲ့အသံကို ကြားလိုက်ရတယ်။ သိပ်မကြာခင် အိပ်ခန်းထဲကမှာ အိပ်နေတဲ့လူငယ်က အိပ်ရာကနေထပြီး

"အစ်မတော် ဘာလာပြန်လုပ်တာလဲ ကျွန်တော် အစ်မတော်နဲ့မလိုက်ဘူးနော်"

"နင်မလိုက်လို့မရဘူးလေ လူ့ဘဝရောက်ရင် ကိုရင်မဝတ်ပါနဲ့လို့ အတန်တန်မှာခဲ့တာကို ဘာလို့နားမထောင်ရတာလဲ"

လူငယ်နဲ့မိန်းမတစ်ယောက် စကားပြောတာကို အတိုင်းသားကြားနေရတဲ့ အောင်မြတ်သာက တရားထိုင်နေတာကို ဖြုတ်လိုက်တဲ့အချိန်

"ဟိုလူတွေတရားဖြုတ်နေပြီ ငါပြန်တော့မယ် နင်လည်း ကြပ်ကြပ်သတိထား ငါ့စကားများများ ထပ်မပြောဘူး" လို့ပြောပြီးတဲ့အချိန် အိပ်ခန်းထဲကိုပြန်ဝင်လာတဲ့ လူငယ်ကိုတွေ့လိုက်ရတယ်။ တရားဖြုတ်ပြီးခါစဖြစ်တဲ့ အောင်မြတ်သာက အိမ်ထဲဝင်လာတဲ့လူငယ်ကို လက်ယပ်ခေါ်ပြီး

"ဒီမှာလာထိုင်ပါဦး ခုနက စကားပြောတဲ့အသံတွေကို ကြားလိုက်ရတယ် ဘယ်သူနဲ့ပြောနေတာလဲ"

"ဘယ်သူမှမဟုတ်ပါဘူး ကျုပ်ဘာသာ ပျင်းလို့တစ်ယောက်တည်း လျှောက်ပြောနေတာ"

မလုံမလဲ အမူအရာနဲ့ပြောလိုက်တဲ့ လူငယ်စကားကြောင့် အောင်မြတ်သာ ပြုံးလိုက်ပြီး

"ဒါဆိုလည်း ငါကပဲနားကြားမှားတာဖြစ်မှာပါ ဒါပေမဲ့ တစ်ခုတော့ ပြောထားဦးမယ် မင်းစိတ်ထဲဖြစ်ချင်နေတဲ့အရာကို ငါတို့ကဖြစ်အောင် လုပ်ပေးနိုင်တဲ့အစွမ်းရှိတယ်နော်"လို့ ပြောကာ ခြံဝင်းထဲကိုဆင်းပြီး စကြံလျှောက်နေခဲ့တယ်။

အောင်မြတ်သာတို့စကြံလျှောက်နေတဲ့အချိန် ရွာထဲကနေစားစရာဝယ်ပြီး ပြန်လာတဲ့ မခင်နုကိုမြင်တော့

"အရီးသားကတော့ အိမ်ပေါ်မှာ တစ်ယောက်တည်း စကားတွေပြောနေတယ် သူ့ကို ဂရုစိုက်လိုက် ပါဦး"လို့ပြောတော့ မခင်နုက ခေါင်းညိတ်ပြကာ အိမ်ပေါ်တက်သွားခဲ့တယ်။

ညနေနေဝင်ရီတရော အချိန်ရောက်တော့ မခင်နု အိမ်ပေါ်ကနေပြေးဆင်းလာပြီး

"ဆရာလေးတို့ လုပ်ပါဦး ကျွန်မသားလေး ဘာဖြစ်တာလဲမသိဘူး အံတွေကြိတ်ပြီး ကော့ပျံ နေတာပဲ"လို့ပြောတော့ အောင်မြတ်သာတို့ စကြံလျှောက်နေတာကို ရပ်ပြီး အိမ်ခန်းထဲကို ဝင်ကြည့်လိုက်ရာ နှုတ်ခမ်းကိုလျှာနဲ့ကိုက်ပြီး နာကျင်မှုဒဏ်ကို အံကြိတ်ခံနေတဲ့ လူငယ်ကို မြင်လိုက်ရတယ်။

မခင်နုက သူ့သားဖြစ်နေတာကိုမြင်တော့ စိုးရိမ်ပူပန်စွာနဲ့ ဆွဲထူဖို့ဟန်ပြင်

လိုက်တဲ့အချိန်

"အမေ ကျုပ်ကို မနာကျင်စေချင်ရင် အနားမလာနဲ့ ဒီလူတွေကိုလည်း မောင်းထုတ်လိုက်ပါ သူတို့ရှိနေလို့ ကျုပ်အခုလိုခံစားနေရတာ"လို့ပြော တော့ မခင်နုက မျက်စိမျက်နှာပျက်စွာနဲ့
"ဆရာတို့ရယ် ကျွန်မသားလေး ဘာဖြစ်နေတာလဲ ကြည့်ပေးကြပါဦး သူ ခံစားနေရတာမြင်ပြီး ကျွန်မ အရင်သေသွားပါလိမ့်မယ်"လို့ပြောတော့ အောင်မြတ်သာက လူငယ်ရဲ့ပတ်ဝန်းကျင်ကို စူးစိုက်ကြည့်လိုက်ရာ အခန်း ထောင့်တစ်နေရာတွင် ကျာပွတ်ကိုကိုင်ကာ မတ်တတ်ရပ်နေတဲ့ မိန်းမ တစ် ယောက်ကို မြင်လိုက်ရတယ်။

နက်မှောင်ပြီး ခြေမျက်စေ့ထိ ရှည်ကျနေတဲ့ဆံပင်တွေအပြင် တစ်ကိုယ် လုံးကျောက်သံ ပတ္တမြားတွေဝတ်ဆင်ထားပြီး ခက်ထန်မာကျောတဲ့ မျက်နှာထားရှိတဲ့မိန်းမက အောင်မြတ်သာကို စူးစိုက်ကြည့်ပြီး အောက်မှာ လူးလိမ့်နေတဲ့ လူငယ်ကို တစ်ချက်ပြီးတစ်ချက် ရိုက်နှက်နေခဲ့တယ်။

လူငယ်ကတော့ တစ်ချက်ရိုက်တိုင်း အသည်းခိုက်အောင်နာကျင်မှုကို အံကြိတ်ခံရင်း လူးလိမ့် နေတာမြင်တော့ အောင်မြတ်သာမနေနိုင်တော့ပဲ

"ငါရှိနေတာတောင် ထင်ရာစိုင်းနေပါလား တောက်ရ လူငယ်ကိုတွဲပြီး ဘုရားကျောင်းဆောင် ရှေ့ကိုခေါ်လာခဲ့"လို့ပြောလိုက်တော့ တောက်ရက လူငယ်ကိုတွဲထူကာ အိမ်ရှေ့ခန်းကိုခေါ်လာခဲ့တယ်။

မခင်နုကတော့ ပျာပျာသလဲလဲနဲ့ တောက်ရနဲ့အတူတွဲထူလာပြီး ဘုရား ကျောင်းဆောင်ရှေ့ ရောက်တော့ အောင်မြတ်သာက

"ဒီလူငယ်ကို နှိပ်စက်နေတဲ့ ပုဂ္ဂိုလ်ကို အခုချက်ချင်း ငါ့အရှေ့ကြိုးတုပ်ပြီး ခေါ်လာခဲ့" လို့ပြောပြီး ကြမ်းပြင်ကို လက်ဝါးနဲ့ပုတ်လိုက်တယ်ဆိုရင်ပဲ အရှေ့မှာရှိနေတဲ့လူငယ်ရဲ့လက်က အနောက်ကို ရောက်သွားပြီး အောင်

မြတ်သာကို စူးစိုက်ကြည့်ကာ

"ငါ့ကိုခေါ်တာ ဘာလုပ်ဖို့လဲ"

"ဟဲ့ ဥစ္စာစောင့်မ သင့်ကိုငါတို့က သနားလို့ ငြိမ်သွားမလားဆိုပြီး လွှတ်ထားပေးခဲ့တာ အခုတော့သင်က ကျုပ်အခွင့်ရေးပေးတာကိုအသုံးချပြီး လူငယ်ကို ဘာလို့နှိပ်စက်ရတာတုန်း"

***